မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 12 , 2026 Volume 100 , Number 8

၁၂. ၃. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၇.၃၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၉.၂၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၆.၈၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၀၂.၇၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၆.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၂၇ ကျပ် |

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၃၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀) ရှိ လက်မှုအနုပညာပစ္စည်းကဏ္ဍ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း




အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ ရှိ လက်မှုအနုပညာပစ္စည်းကဏ္ဍ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့၊ ၁၁:၀၀နာရီအချိန်၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေးသို့မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀) အတွက် မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍလုပ်ငန်းစီမံချက်ကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ရေးဆွဲပေးပို့ထားပြီးဖြစ်၍ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အသင်းအဖွဲ့များမှ သိရှိလိုသည်များကို မေးမြန်းနိုင်ရန်ရည်ရွယ်၍ အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များမှ ဦးစားပေးအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်မှုအနုပညာအသင်းမှ လုပ်ငန်းရှင်များအနေဖြင့် ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ပြသလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားပါသည်။

ထို့နောက် တက်ရောက်လာကြသူများမှ မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍ ဖွံ့ဖြိုး

တိုးတက်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စရပ်များ၊မြန်မာ့လက်မှုအနုပညာအသင်းအောက်ရှိအစုအဖွဲ့ ၁၀ ဖွဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့်အသင်းအနေဖြင့်အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀) တွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၂:၀၀ နာရီ တွင် ရုပ်သိမ်းခဲ့သည်။

Source : https://myantrade.gov.mm/

## ဆန်ကို ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းနေ



ဆန်ကို အခုနှစ် ဘဏ္ဍာနှစ်ကုန်ဖြစ်တဲ့ မတ်လကုန်မတိုင်မီ ပြည်ပကို တတ်နိုင်သမျှ ပိုမိုတင်ပို့နိုင်ရေးအတွက် စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုတွေနဲ့အညီ အထူးဦးစားပေး ကြိုးပမ်းဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကနေ သိရပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနဲ့ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် မတ်လ ၁၀ ရက်အထိပြည်ပကိုဆန်တင်ပို့မှုအနေနဲ့ မက်ထရစ်တန်၂,၅၀၆,၀၅၀တင်ပို့နိုင်ခဲ့ပြီး အရင်ဘဏ္ဍာနှစ်ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့တာ ဖြစ်တယ်လို့ ဆိုပါတယ်။

ပြည်ပကို ဆန်တင်ပို့မှုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းကော်မတီနဲ့ အသင်းဝင် Rice Expoter ကုမ္ပဏီတို့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို မတ်လ ၁၀ ရက်က ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။

အဲဒီအစည်းအဝေးမှာ အခုဘဏ္ဍာနှစ်အတွင်း ဆန်တင်ပို့မှုအခြေအနေ၊၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်အတွက် ပို့ကုန်လျာထားချက်တွေ၊ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းစဉ်တွေ၊ တင်ပို့ရာမှာ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေနဲ့ Rice Export Zone ဖော်ဆောင်ရေးကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

**Source :https://onenewstvchannel.com/**

## သံပရာသီးတစ်လုံးကို ငွေကျပ် ၇၀၀ မှ ၁၀၀၀ အထိ ပေးဝယ်နေရ



နွေကာလရောက်လာ၍ သံပရာသီးရှားချိန်ဖြစ်သောကြောင့် နေပြည်တော်ရှိဈေးများတွင် သံပရာသီးတစ်လုံးကို ငွေကျပ် ၇၀၀ မှ ၁၀၀၀ အထိ ပေးဝယ်နေရကြောင်း ဒေသခံများထံက သိရပါတယ်။

"သံပရာသီးလိုအပ်လို့ဈေးထဲသွားဝယ်တာ ၊ သေးတာလေးက ၇၀၀ နည်းနည်းလေး ကြီးတာလေးတွ က ၈၀၀- ၁၀၀၀ တဲ့။ ဈေးဆစ်လို့မရဘူး၊အခုအချိန်က သံပရာသီးရှားတဲ့အချိန်ဆိုတော့ ဈေးကြီးတယ်" လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

ယခုအချိန်နွေရောက်လာ၍ သံပရာပင်တွေ အရွက်ချသောအချိန်ဖြစ်ပြီး အသီးမလိုက်သေးကြောင်း၊ အသီးရှားချိန်ဖြစ်သည့်အတွက် ဈေးကြီးကြောင်း၊ လက်ရှိဈေးကွက်တွင်ရောင်းချနေသည့် သံပရာသီးများမှာ ရှမ်းပြည်နယ် ကလော၊ အောင်ပန်းဒေသများမှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရပါတယ်။

“သံပရာအစစ်တွေက ရှမ်းပြည်အောင်ပန်း၊ ကလောဘက်ခြံတွေကဝင်တယ်၊ အဲဒီဘက်က တောင်ပေါ်ဒေသအအေးပိုင်းဆို တော့အသီးရသေးတယ် ။သယ်ယူစရိတ်နဲ့ဘာနဲ့ဆိုတော့အခုချိန်ကဈေးကြီးတယ်”လို့သံပရာရောင်းချသူတစ်ဦးက ပြောပါတယ်။

နေပြည်တော်ဈေးများတွင် သံပရာအစစ်ဆိုလျှင် ယခုအခါ ၇၀၀-၈၀၀- ၁၀၀၀ ကျပ်တို့ဖြင့်ရောင်းချလျက်ရှိပြီး ဟော်လန် သံပုရာသီးဆိုလျှင် အသေးတစ်လုံး ၂၀၀ ကျပ်၊ အလတ် ၃၀၀-၄၀၀ကျပ်နှင့် အလုံးကြီး တစ်လုံး ၅၀၀ မှ ၇၀၀ ကျပ်အထိဈေး များဖြင့်ရောင်းချလျက်ရှိကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## စုံရက် ၊ မရက်ကားထွက်စနစ်ကြောင့် EV ကားဈေးကွက်အပြောင်းအလဲဖြစ်




EVကားဈေးကွက်အတွင်းယခင်ကကားသစ်ဝယ်ယူပါကအရှုံးများသည့်အခြေအနေမှ လက်ရှိတွင် ကုမ္ပဏီဝယ်ဈေးဝန်းကျင်သို့ဈေးပြန်တက်လာသော်လည်းအမြတ်ပေါ်သည့်အခြေအနေမရှိကြောင်း ဝါရင့်ကားဝယ်ရောင်းလုပ်ငန်းရှင်များထံကသိရသည်။

“EVကားဆိုရင်အရင်ကဝယ်ရှုံးပဲ ဥပမာ သိန်းတစ်ထောင်ကား ဒီနေ့ဝယ်ရင်နောက်နေ့ဆိုပြန်ရောင်းရင်သိန်းနှစ်ရာလောက်ရှုံးတယ်၊ အခု စုံရက် မရက် သတ်မှတ်ပြီးကားစီးရမယ်ဆိုတော့ စက်သုံးဆီကားတွေ အခက်တွေ့ပြီး ဈေးကွက်လဲ အပြောင်းအလဲဖြစ်နေတယ်၊ EVကားတွေကကြိုက်တဲ့အချိန်ထွက်ဆိုတော့ EVကားဝယ်ဖို့မေးတဲ့သူတွေများလာပြီး ရက်ပိုင်းအတွင်းမှာ ၂၀ ရာခိုင်နှုန်းလောက် ဈေးပြန်တက်လာတာပါ။ ဝယ်ဈေးနဲ့ယှဉ်ရင် အရင်းနီးနီးဈေးပြန်ရတဲ့သဘောပါ”ဟု ဝါရင့်ကားအကျိုးဆောင်တစ်ဦးကပြောသည်။

စုံရက်၊မရက် ကားထွက်သည့်စနစ်တွင် အိမ်စီးကားများသည် နယ်ဝေးညအိပ်ခရီးထွက်ရာတွင် ရောက်ရာရက်အရောက် အရပ်၌ ကားမောင်း၍မရသောအခြေအနေသို့ရောက်ရှိနိုင်ကြောင်း EVကားများမှာလည်းတစ်နိုင်ငံလုံးသို့ လွယ်ကူစွာသွားလာရန် ခက်ခဲပြီးအားသွင်းရသည်ပြဿနာများကြုံတွေ့နေရဆဲဖြစ်ကြောင်းသိရသည်။

“အခုအချိန်အထိ စက်သုံးဆီကားတွေက ဝယ်ယူသူတွေအတွက်ရေပန်းစားဆဲပါပဲ၊EVကားတွေကတော့ ရန်ကုန်၊ မန္တလေး လိုမြို့ကြီးတွေမှာဘဲ အရောင်းအဝယ်များပါတယ်။ ဒီတော့စုံရက် မရက်သတ်မှတ်ချက်ကို တစ်နိုင်ငံလုံးမလုပ်ဘဲ နေရာဒေသ အလိုက် အကန့်အသတ်နဲ့အကောင်အထည်ဖော်သင့်ပါတယ်”ဟု ရန်ကုန်မြို့ခံကားသုံးစွဲသူတစ်ဦးကပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင် EVကားသစ်သုံးစွဲသူများတွင် ဝင်ငွေကောင်းမွန်သူအထက်တန်းလွှာများသာ အများဆုံးသုံးစွဲနေ ကြပြီးအခြေခံပြည်သူအများစုအိမ်စီးကားများမှာစက်သုံးဆီသုံးစွဲသည့်ကားများဖြစ်ကြောင်းသိရသည်။

“EVကားဝယ်နိုင်တဲ့သူတွေက နဂိုကတည်းကစက်သုံးဆီကားရှိပြီးသားတွေလေ သူတို့အတွက် ဘာမှထူးလာမှာမဟုတ်ဘူး၊ ကျွန်တော်တို့လို တစ်ပိုင်တစ်နိုင်ဟိုက်ဂျက်လေးနဲ့ဈေးကြိုလိုက်နေသူတွေက တစ်ရက်ဆင်းတစ်ရက်နားရမဲ့ သဘောပဲ၊ ကုမ္ပဏီ မှာအငှားချထားတဲ့ကားတွေလည်း အကုန်အခက်တွေ့နေကြပါပြီ”ဟု တောင်ဒဂုံမြို့နယ်မှ ကားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လတ်တလောတွင်စက်သုံးဆီသုံးကားများမှာ အရောင်းအဝယ်ဆက်လက်ကောင်းမွန်နေပြီး EVကားဈေးကွက်အတွင်း ကား ဈေးမေး၍ဝယ်ယူရန်စုံစမ်းမှုများရှိနေသော်လည်း အမှန်တကယ် ဝယ်ယူသူနည်းပါးနေဆဲဖြစ်ကြောင်းသိရသည်။

**Source :** https://www.npnewsmm.com/

## ဆီကြိတ်ဖတ်များ ဈေးမြင့်တက်ပြီး အရောင်းသွက်နေ

မတ်လဒုတိယပတ်တွင်မန္တလေးကုန်စည်ဒိုင်၌မွေးမြူရေးအစာအဖြစ်အသုံးပြုသည့်ဆီကြိတ်ဖတ်များမှာဈေးမြင့်တက်လာပြီး အရောင်းအဝယ်သွက်နေကြောင်းသိရသည်။

ဆီကြိတ်ဖတ်ဈေးနှုန်းများမှာ ပဲဖတ်တစ်ပိဿာလျှင် ယခုတစ်ပတ်ကျပ် ၇၂၀၀မှ ၇၂၅၀၊ ယခင်တစ်ပတ် ၇၀၅၀ ကျပ်၊ ယခင်လ ကျပ် ၇၁၀၀မှ ၇၂၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀ မှ ၂၀၀၊ယခင်လထက် ကျပ် ၅၀ မှ ၁၀၀ ခန့် ဈေးမြင့်တက်လာသည်။

နှမ်းဖတ် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၅၀၀၀မှ ၅၂၀၀ ယခင်တစ်ပတ် ကျပ် ၄၉၀၀မှ ၅၁၀၀၊ ယခင်လ ကျပ် ၄၉၅၀မှ ၅၁၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၀၀ ကျပ်၊ ယခင်လထက် ကျပ် ၅၀ မှ ၁၀၀ ခန့် ဈေးမြင့်တက်လာသည်။

နေကြာဖတ် တစ်ပိဿာလျှင် ယခုတစ်ပတ် ၃၉၅၀မှ ၄၀၅၀၊ ယခင်တစ်ပတ် ကျပ် ၃၉၀၀မှ ၄၀၀၀၊ ယခင်လကျပ် ၃၉၀၀မှ ၄၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်နှင့် ယခင်လထက် ၅၀ ကျပ် ခန့် ဈေးမြင့်လာသည်။

မုန်ညင်းဖတ် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၃၉၀၀ မှ ၄၀၀၀၊ယခင်တစ်ပတ်ကျပ် ၃၈၅၀ မှ ၃၉၀၀၊ ယခင်လကျပ် ၃၈၀၀မှ ၃၉၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀မှ ၁၀၀၊ ယခင်လထက် ၁၀၀ကျပ်ခန့် ဈေးမြင့်တက်လာသည်။

https://myantrade.gov.mm/

## ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ခဲ့မှုကြောင့် ဂျပန်ကုမ္ပဏီ Idemitsu Kosan ၏ Ethylene ထုတ်လုပ်မှုမှာ ရပ်ဆိုင်းနိုင်

ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ခဲ့မှုကြောင့် အရှေ့အလယ်ပိုင်းဒေသမှ ကုန်ကြမ်းတင်သွင်းနိုင်မှုမရှိပါက ဂျပန်လောင်စာဆီကုမ္ပဏီ Idemitsu Kosan အနေဖြင့် Ethylene ထုတ်လုပ်မှုကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း Idemitsu Kosan ကုမ္ပဏီမှ ၎င်း၏မိတ်ဖက်လုပ်ငန်းရှင်များထံ အကြောင်းကြားခဲ့ကြောင်း ၇-၃-၂၀၂၆ ရက်နေ့ထုတ် The Nikkei Asia သတင်းစာတွင် "Hormuz closure risks halt in Idemitsu's Japan ethylene production" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ခဲ့မှုကြောင့် Idemitsu Kosan ကုမ္ပဏီ၏ ယာမဂုချိပြည်နယ်နှင့် ချီဘပြည်နယ်တို့ရှိ စက်ရုံများတွင် Ethylene ထုတ်လုပ်နိုင်မှုအပေါ် စိန်ခေါ်မှုများဖြစ်ပေါ်စေလျက်ရှိကြောင်း၊ Ethylene ကို Idemitsu Kosan ကုမ္ပဏီ၏ ယာမဂုချိပြည်နယ်ရှိ စက်ရုံမှ ၆၂၀,၀၀၀ မက်ထရစ်တန်နှင့် ချီဘပြည်နယ်ရှိ စက်ရုံမှ ၃၇၀,၀၀၀ မက်ထရစ်တန်ထုတ်လုပ် နိုင်လျက်ရှိကြောင်းနှင့်အဆိုပါစက်ရုံ ၂ ခု၏ ထုတ်လုပ်နိုင်မှုပမာဏမှာ ဂျပန်နိုင်ငံ၏ Ethylene ထုတ်လုပ်မှု၏ ၁၆ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိကြောင်းနှင့် Ethylene ကို ထုတ်လုပ်ရာတွင် Naphtha ကုန်ကြမ်းကို အသုံးပြု၍ ထုတ်လုပ်ရကြောင်း ဖော်ပြထားပါသည်။

Ethylene သည်ပလတ်စတစ်ကုန်ကြမ်းအမျိုးအစားတစ်ခုဖြစ်ပြီး၊ ၎င်းကို မော်တော်ယာဉ်၊ အိမ်သုံးပစ္စည်းအစရှိသည်မှသည် စားသောက်ကုန်ထုပ်ပိုးပစ္စည်းများအထိ အမျိုးမျိုးသောထုတ်ကုန်များတွင် အသုံးပြုလျက်ရှိကြောင်း၊ Idemitsu Kosan ကုမ္ပဏီ၏ ချီဘစက်ရုံတွင်ရေနံစိမ်းကိုသန့်စင်လျက်ရှိကြောင်းနှင့် ထိုသို့သန့်စင်ရာမှ ထွက်ရှိသည့် Naphtha ကိုလည်း ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်း၊ ဂျပန်နိုင်ငံတွင် ရေနံစိမ်းကို ၂၅၀ ရက်နီးပါးစာသိုလှောင်ထားလျက်ရှိကြောင်းနှင့် Naphtha ကို ရက် ၂၀ စာသာအရန်သိုလှောင်ထားကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် Ethylene ကို စက်ရုံ ၁၂ ခုတွင် ထုတ်လုပ်လျက်ရှိပြီး၊ အဆိုပါစက်ရုံများမှ နှစ်စဉ် Ethylene ၆.၁၆ သန်းတန်ထုတ်လုပ်နိုင်လျက်ရှိကြောင်း၊ Ethylene ထုတ်လုပ်သည့် ဂျပန်ကုမ္ပဏီများအနေဖြင့် Naphtha ကုန်ကြမ်းကို အရှေ့အလယ်ပိုင်းဒေသမှ တင်သွင်းလျက်ရှိကြောင်းနှင့် ပါရှန်ပင်လယ်ကွေ့တွင် တင်းမာမှုများဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက

ကုမ္ပဏီများအနေဖြင့် ထုတ်လုပ်မှုကိုရပ်ဆိုင်းခြင်း (သို့မဟုတ်)လျှော့ချခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်းဖော်ပြထားသည်။

Mitsui Chemicals အနေဖြင့် ချိဘနှင့်အိုဆာကာပြည်နယ်များတွင် စက်ရုံ ၂ ရုံ လည်ပတ်လျက်ရှိကြောင်းနှင့် Mitsui Chemicals အနေဖြင့်လည်း Naphtha ကုန်ကြမ်းရရှိမှုကြာမြင့်နိုင်မှုအပေါ် လေ့လာမှုများပြုလုပ်လျက်ရှိကြကြောင်းနှင့် Naphtha ကို အရှေ့အလယ်ပိုင်းဒေသအပြင် အခြားသောဒေသများမှ တင်သွင်းနိုင်ရေးလည်း စီစဉ်လျက်ရှိကြောင်း၊ Cosmo Energy ၏ ချိဘပြည်နယ်ရှိ Maruzen Petrochemical စက်ရုံအနေဖြင့် ကုန်ကြမ်းလက်ကျန်အရ မတ်လအတွင်း ထုတ်လုပ်မှုလုပ်ငန်းများကို ပုံမှန်အတိုင်းဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းဒေသမှ Naphtha ရရှိမှုအခက်အခဲများကြောင့် Ethylene ထုတ်လုပ်သူများအနေဖြင့် ရောင်းဝယ်ရေးဆိုင်ရာ သဘောတူညီချက်များတွင် ၎င်းတို့၏ထိန်းချုပ်မှုကို ကျော်လွန်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် Force Majure ဆိုင်ရာဖော်ပြချက်များ ထပ်မံဖြည့်စွက်ရန်လိုအပ်လျက်ရှိကြကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံးရေနံဓာတုကုမ္ပဏီဖြစ်သည့် Chandra Asri Pacific အနေဖြင့် ပြည်တွင်းကုမ္ပဏီများ၏ ထုတ်လုပ်မှုများအပေါ် Force Majure အဖြစ် သတ်မှတ်ကြောင်းကြေညာခဲ့ကြောင်းနှင့် Naphtha တင်သွင်းမှုစုစုပေါင်း၏ ထက်ဝက်နီးပါးကို အရှေ့အလယ်ပိုင်းဒေသမှ တင်သွင်းရလျက်ရှိသောစင်ကာပူအခြေစိုက် Ethylene ထုတ်လုပ်သူ PCS အနေဖြင့်လည်း Force Majure အဖြစ် ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြထားသည်။

**Source : သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့**

## ကမ္ဘောဒီးယားနိုင်ငံ၏ ဒေသဆိုင်ရာအညွှန်း (GI) ရရှိပြီးသော ငရုတ်ကောင်း အားကောင်းခိုင်မာစေရေး မဟာဗျူဟာချမှတ်



ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် Kampot ငရုတ်ကောင်း မြှင့်တင်ရေးအသင်းအဖွဲ့ (KPPA) တို့သည် ဥရောပသမဂ္ဂမှ အသိအမှတ်ပြုထားသည့် အကာအကွယ်ပေးထားသော ဒေသဆိုင်ရာအညွှန်း (PGI) ရရှိထားပြီးဖြစ်သော Kampot ဒေသထွက် ငရုတ်ကောင်းထုတ်ကုန်များ၏ ဈေးကွက်တန်ဖိုးနှင့် ဂုဏ်သတင်းမြှင့်တင်ရေး ကတိကဝတ် ကို ၂၇-၂-၂၀၂၆ ရက်နေ့တွင် အတည်ပြုခဲ့သည်။

Kampot ပြည်နယ်ရှိ KPPA ဌာနချုပ်တွင် ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Ouk Prachea က ဦးဆောင်ကျင်းပခဲ့သည့် ဝန်ကြီးဌာနနှင့် Kampot ငရုတ်ကောင်းမြှင့်တင်ရေးအသင်းအဖွဲ့တို့အကြား သုံးသပ်ဆွေးနွေးသည့် အစည်းအဝေးတွင်ကတိကဝတ်တစ်ရပ်ချမှတ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် နိုင်ငံခြားဈေးကွက်များ၌ GI ရရှိထားသော Kampot ငရုတ်ကောင်းကိုအထောက်အပံ့ဖြစ်စေရန်အတွက် မဟာဗျူဟာလမ်းပြမြေပုံကို ထုတ်ပြန် ကြေညာခဲ့သည်။

ဆက်လက်၍ Prachea က ယခင်နှစ်တွင် အဆိုပါအသင်းအဖွဲ့၏ အောင်မြင်မှုများသည် သာမန်ကုန်သွယ်မှုသက်သက်မျှမဟုတ်ဘဲ Kampotနှင့် Kepဒေသများတွင် လူတိုင်းပါဝင်နိုင်သည့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိသော ကျေးလက်စီးပွားရေးအတွက် အဓိကမောင်းနှင်အားအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း အလေးထားပြောကြားခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်အမျိုးသားမူပိုင်ခွင့်စီမံခန့်ခွဲရေးကော်မတီတို့သည် အဆိုပါအသင်းအပေါ်ထားရှိသည့် ၎င်းတို့၏ ကတိကဝတ်ပြုထားမှုကို ထပ်မံအတည်ပြုခဲ့သည်။ မဟာဗျူဟာသည် အဓိကမဏ္ဍိုင် သုံးရပ်အပေါ် အခြေခံထားပြီးအဆိုပါမဏ္ဍိုင်များမှာအဆင့်မြင့်နိုင်ငံတကာဈေးကွက်များတွင်ပိုမိုပြင်းထန်စွာယှဉ်ပြိုင်နိုင်ရန်အတွက် Kampot ငရုတ်ကောင်းအမှတ်တံဆိပ်ကို မြှင့်တင်ခြင်း၊ ဒေသဆိုင်ရာအညွှန်း(GI) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားမဟာဗျူဟာကို တိတိကျကျ အကောင်အထည်ဖော်ခြင်းနှင့် "အနက်ရောင်ရွှေ" ဟုတင်စားခေါ်ဝေါ်ခြင်းခံရသည့် ထုတ်ကုန်၏နာမည်ကောင်းကို မထိ

ခိုက်စေရန် GI သတ်မှတ်ချက်များကို တိတိကျကျလိုက်နာခြင်းတို့ ဖြစ်သည်။

ဆက်လက်၍ Ouk Prachea က ခေတ်မီတီထွင်ဆန်းသစ်မှုအလေ့အထများနှင့် ဓလေ့ထုံးထမ်းစည်းမျဉ်းကို ပေါင်းစပ်ခြင်းဖြင့် Kampot ငရုတ်ကောင်းမြှင့်တင်ရေးအသင်းအဖွဲ့အနေဖြင့်ကမ္ဘာတစ်ဝှန်း Kampot ငရုတ်ကောင်း၏ ဈေးကွက်တန်ဖိုးနှင့် ဂုဏ်သတင်းကြီးမှုကို ဆက်လက်မြှင့်တင်နိုင်ပေလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အစီရင်ခံစာအရ ကမ္ဘောဒီးယားနိုင်ငံမှ ထုတ်လုပ်သည့် Kampot ငရုတ်ကောင်း၏ ၈၅ ရာခိုင်နှုန်းခန့်ကို ပြင်သစ်၊ ဂျာမနီ၊ ကိုရီးယား၊ ရုရှား၊ အမေရိကန်ပြည်ထောင်စု၊ ချက်နိုင်ငံနှင့် စင်္ကာပူနိုင်ငံအစရှိသည့် နိုင်ငံခြားဈေးကွက်များသို့ တင်ပို့ပြီး ၁၅ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

Kampot ငရုတ်ကောင်းတွင်အနက်ရောင်၊အနီရောင်နှင့်အဖြူရောင်ဟူ၍မျိုးကွဲသုံးမျိုးရှိသည်။

၂၀၂၅ခုနှစ် တွင် Kampot ငရုတ်ကောင်းကိုယခင်နှစ်ထက်မြင့်မားသောဈေးနှုန်းဖြင့်ရောင်းချခဲ့ပြီး အနက်ရောင်ငရုတ်ကောင်းတစ်တန်လျှင် ဒေါ်လာ ၁၇၀၀၀၊အနီရောင်ငရုတ်ကောင်းတစ်တန်လျှင်ဒေါ်လာ ၂၇၀၀၀နှင့်အဖြူရောင် ငရုတ်ကောင်းတစ်တန်လျှင် ဒေါ်လာ ၃၀၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**Source:KhmerTimes,1March2026**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

## STOCK EXCHANGE (12.3.2026)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,272 (Shares) | 79,749,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | -500 | -4.00% | 12,500 | 12,500 | 12,000 | 2,173 | 26,700,000 | 33,109,694 | 397,316 |
| MTSH | 00002 | 6,200 | -200 | -3.13% | 6,500 | 6,500 | 6,200 | 3,346 | 21,416,200 | 38,929,150 | 241,361 |
| MCB | 00003 | 8,500 | -300 | -3.41% | 8,500 | 8,500 | 8,500 | 1,489 | 12,656,500 | 10,400,986 | 88,408 |
| FPB | 00004 | 3,550 | -50 | -1.39% | 3,600 | 3,600 | 3,550 | 643 | 2,289,300 | 29,664,613 | 105,309 |
| TMH | 00005 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 425 | 1,445,000 | 12,823,224 | 43,599 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,650 | 4,013 | 6,754,600 | 19,977,223 | 34,960 |
| AMATA | 00007 | 4,000 | -100 | -2.44% | 4,100 | 4,100 | 4,000 | 1,561 | 6,279,800 | 10,497,598 | 41,990 |
| MAEX | 00008 | 3,550 | +50 | +1.43% | 3,550 | 3,600 | 3,550 | 622 | 2,208,350 | 23,804,946 | 84,508 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 12th Mar. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 550.03 | -14.74 | -2.61% | 565.81 | 565.81 | 550.03 | 14,272 | 79,749,750 | 8 | 1,037,451 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 15,685 (Shares) | 88,973,900 (MMK) |

## Main Board

As of 1:00 pm, 12th Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,272 (Shares) | 79,749,750 (MMK) |

| MYANPIX | 550.03 ▼ 14.74 |
|---|---|
| Total Volume (shares) | 14,272 |
| Total Value (MMK) | 80 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,037,451 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▼ 500 |
| MTSH | 00002 | 6,200 | ▼ 200 |
| MCB | 00003 | 8,500 | ▼ 300 |
| FPB | 00004 | 3,550 | ▼ 50 |
| TMH | 00005 | 3,400 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,000 | ▼ 100 |
| MAEX | 00008 | 3,550 | ▲ 50 |

TIR